# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၁၅ /၂၀၂၃)**

**၁၃၈၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်**

**(၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ (ဆ) ကိုအောက်ပါအတိုင်း အစားထိုးရမည်-

"(ဆ) **ကြားဖြတ်ရွေးကောက်ပွဲ** ဆိုသည်မှာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦး နုတ်ထွက်ခြင်း၊ ကွယ်လွန်ခြင်း၊ ဥပဒေနှင့်အညီ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲခံရခြင်း သို့မဟုတ် တာဝန်မှရုပ်သိမ်းခံရခြင်းကြောင့် လစ်လပ်လျက်ရှိသော မဲဆန္ဒနယ်များအတွက် အခါအားလျော်စွာ ကော်မရှင်က သတ်မှတ်ကျင်းပသည့် ရွေးကောက်ပွဲကိုဆိုသည်။"

၃။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ တွင် -

(က) ပုဒ်မခွဲ(စ)၌ပါရှိသော "ရက်ပေါင်း ၉၀" ဆိုသည့် စကားရပ်ကို "ရွေးကောက်ပွဲကျင်းပမည့် နေ့ရက်မတိုင်မီ အနည်းဆုံးရက်ပေါင်း ၉၀ ကြိုတင်၍ ကော်မရှင်က အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သည့်နေ့ရက်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ပါတီဝင်ဦးရေ အနည်းဆုံး ၁၀၀၀၀၀" ဆိုသည့် စကားရပ်ကို "ပါတီဝင်ဦးရေ အနည်းဆုံး ၅၀၀၀၀" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

(ခ) ပုဒ်မခွဲ(ဇ)၌ ပါရှိသော "ရက်ပေါင်း ၁၈၀" ဆိုသည့် စကားရပ်ကို "ရွေးကောက်ပွဲကျင်းပမည့် နေ့ရက်မတိုင်မီ အနည်းဆုံးရက်ပေါင်း ၉၀ ကြိုတင်၍ ကော်မရှင်က

အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သည့်နေ့ရက်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "မြို့နယ်အားလုံး၏ အနည်းဆုံးထက်ဝက်" ဆိုသည့်စကားရပ်ကို "မြို့နယ်အားလုံး၏ အနည်းဆုံးသုံးပုံတစ်ပုံ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၄။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၁၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"ပုဒ်မ ၁၇။ ပါတီတစ်ခုသည် -

(က) မိမိ၏နှစ်စဉ် ငွေစာရင်းရှင်းတမ်းကို ဘဏ္ဍာရေးနှစ်အလိုက် ရေးဆွဲခြင်း၊ ပါတီပိုင်ပစ္စည်းများနှင့် စပ်လျဉ်းသည့် နှစ်ချုပ်စာရင်းပြုစုခြင်း၊ ပါတီစည်းမျဉ်းနှင့်အညီ အတည်ပြုချက်ရယူခြင်းတို့ကို သတ်မှတ်သည့်အတိုင်း ဆောင်ရွက်ရမည်။

(ခ) ပုဒ်မ ၅ ပုဒ်မခွဲ (ဆ)အရ ငွေစာရင်းဖွင့်လှစ်ထားသည့် ပါတီရန်ပုံငွေ ကို ကော်မရှင်က ထုတ်ပြန်သည့် အမိန့် သို့မဟုတ် ညွှန်ကြားချက်နှင့်အညီ သုံးစွဲရမည်။"

၅။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၁၉ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(က) ပါတီတစ်ခုသည် ပုဒ်မ ၁၂ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၄)၊ (၅)၊ (၆)၊ သို့မဟုတ် (၇)ပါ အချက် တစ်ရပ်ရပ်နှင့် ငြိစွန်း၍ မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရပါက ပါတီပိုင်ပစ္စည်းများကို နိုင်ငံတော်အစိုးရက သတ်မှတ်ပေးသည့် ဌာန၊ အဖွဲ့အစည်းသို့ သတ်မှတ်သည့် နည်းလမ်းအတိုင်း အပ်နှံရမည်။

(ခ) ပါတီမှတ်ပုံတင်ခွင့် ပြန်လည်လျှောက်ထားခြင်းမရှိသဖြင့် နိုင်ငံရေးပါတီအဖြစ်မှ အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်သည်ဟု ဤဥပဒေအရ မှတ်ယူခံရသောပါတီ သို့မဟုတ် ယင်းပါတီ၏ ဗဟိုအလုပ်အမှုဆောင်အဆင့်ထက်မနိမ့်သူတစ်ဦးဦးသည် ပုဒ်မ ၁၂၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၄)၊ (၅)၊ (၆) သို့မဟုတ် (၇)ပါ အချက် တစ်ရပ်ရပ်နှင့်လည်း ငြိစွန်းမှုရှိကြောင်း စိစစ်တွေ့ရှိရပါက ပါတီပိုင်ပစ္စည်းများကို နိုင်ငံတော်အစိုးရက သတ်မှတ်ပေးသည့် ဌာန၊ အဖွဲ့အစည်းသို့ သတ်မှတ်သည့် နည်းလမ်းအတိုင်း အပ်နှံရမည်။

(ဂ) ပုဒ်မခွဲ (က)နှင့် (ခ)တို့အရအပ်နှံသည့် ပစ္စည်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းသည် နိုင်ငံတော်အစိုးရ၏ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ